
# နင်လားဟဲ့ ဂျပန်

## အပိုင်း (၂၀)

● မိအိုက အိအိချော



အခုတလော နင်လားဟဲ့ဂျပန်ကိုရေးဖို့ အချိန်လုနေသော်လည်း တော်တော်နှင့် မရေးဖြစ်။ ဂျပန်စကားပြောပြိုင်ပွဲ၊ ကျောင်းဆင်းပွဲ စတာတွေမှာ ပါဝင်ဆင်နွှဲရင်း တဘက်ကလည်း ကျောင်းစာတွေကို အသည်းအသန်လုပ်၊ အလုပ်တစ်ဖက်နှင့်ဒီကြားထဲ ခဏခဏ နေမကောင်းဖြစ်နေပြန်တော့ စာရေးသည့်ဘက်ကို သိပ်မလှည့်နိုင်တော့။ အခုတော့မရေးပဲမနေနိုင်သည့်အကြောင်းလေးတွေပေါ်လာပြန်တော့ကြိုးစားပြီးရေးလိုက်ရခြင်းပဲဖြစ်ပါသည်။ ဘာကြောင့်ဆိုသော် မကြာမီဧပြီလ ရောက်တော့မည်ဖြစ်၍ ကျောင်းသားသစ်လေးများရောက်လာကြတော့မည်ဖြစ်သည်။ သည်တော့ အခုလောက်ကတည်းက ဂျပန်ကိုလာဖို့ပြင်ဆင်ထည့်သိုဝယ်ခြမ်းနေကြလောက်ပြီဟုထင်ပါသည်။

သည်တော့ သူတို့သူတို့လေးတွေအတွက်လည်း အဆင်ပြေစေလိုခြင်းအလို့ငှာ အချိန်မီရေးလိုက်ရခြင်းပဲဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်လည်းဒီရောက်မှ သိခဲ့ရသောကြောင့် နောက်နောင် သတိပြုဆင်ခြင်နိုင်ရလေအောင်၊ ဒို့အပြင် ကြိုတင်ပြင်ဆင်လို့ရနိုင်အောင် အသိပေးလိုခြင်းပဲဖြစ်ပါသည်။ သည့်အတွက် ကြိုတင်ပြောကြားလိုသည်မှာ မည်သူ့ကိုမျှ ရည်ညွှန်း၍ပြောဆိုခြင်းမဟုတ်ပါ။ ကျွန်မတွေ့ကြုံနေရသည်မှာ တစ်ခုမကများပြားလာနေပြီဖြစ်သောကြောင့်အားလုံးကိုခြုံငုံသုံးသပ်ပြီးရေးသားခြင်းသာဖြစ်၍ တိုက်ဆိုင်မှုများရှိလာပါလျှင် ခွင့်လွှတ်စေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ့်နိုင်ငံကို ကိုယ်စားပြုလာသည့် ပုံရိပ်များအနေဖြင့်မဖြစ်မနေသတိပြုရှောင်ကြဉ်သင့်သည်ဟုခံစားနားလည်မိသောကြောင့်ပဲ ဖြစ်ပါသည်။

အထူးသဖြင့် မြန်မာမိန်းကလေးများအခြားတပါးသော တိုင်းပြည်တွင် ရောက်ရှိနေထိုင်ရသောအခါ အခမ်းအနားပွဲတစ်ခုခုကို တက်ရောက်ရပြီဆိုပါတော့ ပထမဦးဆုံးအနေဖြင့်လူအများသတိပြုမိသည်က မိမိ၏ဝတ်စားဆင်ယင်မှုပဲဖြစ်ပါသည်။ ကိုယ့်နိုင်ငံကိုကိုယ်စားပြုသည့်ဝတ်စုံကိုမဝတ်မချင်းကဘယ်လိုဝတ်ဝတ်ကိုယ့်စိတ်ကြိုက်ရွေးချယ်မှုဖြစ်၍ကိစ္စသိပ်မရှိပါ။ သို့သော် မြန်မာဝတ်စုံကိုဝတ်လိုက်ပြီဆိုသည်နှင့် ကိုယ့်မှာတာဝန်ဆိုတာရှိလာပြီဖြစ်ပါသည်။


မြန်မာပြည်မှလာသော မြန်မာလူမျိုး မြန်မာမိန်းကလေး တစ်ဦး၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် မိမိနိုင်ငံကို ကိုယ်စားပြုသည့်ပုံရိပ်တစ်ခုအဖြစ် အသက်ဝင်လှုပ်ရှားသွားပြီဖြစ်သောကြောင့်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာပြည်အကြောင်းကို မသိသေးသည့်သူများ မြန်မာတို့၏ ယဉ်ကျေးမှုနှင့်ဝတ်စားဆင်ယင်မှုကိုမသိရှိထားသည့် နိုင်ငံခြားသားများအနေဖြင့် ပထမဦးဆုံးကိုယ်စားပြုအနေနှင့် မြင်ရသောအမြင်တစ်ခုအပေါ်မှာ မြန်မာဆိုတာ...ဆိုသည်ကို မှတ်ချက်ပြုကောက်ချက်ချတော့မည်ဖြစ်သောကြောင့်ဖြစ်ပါသည်။


လုပ်ငန်းသဘောအရ ကျွန်မနိုင်ငံခြားသားအတော်များများနှင့်လက်တွဲ၍အလုပ်လုပ်ခဲ့ရပါသည်။ သည်တော့သူတို့ထံမှ မြန်မာမိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုအကြောင်းများနှင့်ပါပတ်သက်၍ တခါတခါမေးခွန်းများစွာအမေးခံရပါသည်။ သူတို့မြန်မာလုံချည်၊ ပုဆိုး တိုက်ပုံ နှင့် မြန်မာအမျိုးသမီးဝတ်စုံလေးများကိုစိတ်ဝင်စားကြပါသည်။ ဝတ်ကြည့်ချင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျက်သရေရှိရှိဆွဲဆောင်မှုရှိကြသောကြောင့်၊ ဒို့အပြင် လုံလုံခြုံခြုံရှိကြသောကြောင့်ဟု ထင်မြင်ခံစားရသောကြောင့် ဖြစ်ပါသည်ဟု ကျွန်မကိုပြောပါသည်။ ထိုကဲ့သို့နိုင်ငံခြားသားများက ထင်မြင်ခံစားနေကြရသော ကျက်သရေရှိလှသည့်မြန်မာဝတ်စုံသည်အဘယ်ကြောင့် ယခုအခါမှာ တစထက် တစ်စ အသွင်ပြောင်းလာကြပါသနည်း။

အင်မတန်မှနမျောစရာကောင်းသည့်အခြေ

အနေမျိုးဟုကျွန်မပြောလိုပါသည်။ အဘယ်ကြောင့်
ဆိုသော် တကယ့်ပွဲတက်ရမည့် နေရာမျိုးတွင်
ပွဲတက်ဝတ်စုံဟုသတ်မှတ်၍မရနိုင်သောလက်ပြတ်
မြန်မာအင်္ကျီမျိုးနှင့် တကယ့်ပွဲကြီးများအထိ
တက်လာကြသည်ကိုမြင်ရခြင်း၊ မြန်မာဝတ်စုံကို
ကျောပိုက်ရင်ပိုက်အတွင်းတစ်ထပ်ကိုချုပ်ထား
ပြီးအပေါ်မှာ ဇာပါးပါးလေးနှင့် ဖုံးကွယ်ထားရုံ
သာ တီထွင်ဖန်တီးထားသော ဒီဇိုင်းအသစ်များ၊
ပို၍ဆိုးသည်မှာ မြန်မာအချိတ်ဆင်ကိုမှ ဘေးခွဲ
နောက်ခွဲ ကျောပိုက်၊ ရင်ပိုက် ဒီဇိုင်းများအဖြစ်
ချုပ်လုပ်၍ဝတ်ဆင်ကြခြင်း။ နောက်တစ်ခု ပိုဆိုး
သည်မှာ အတွင်းမှချုပ်ဝတ်ထားသော တစ်ထပ်
သည် စက်ဆရာကပဲလက်စွမ်းအပြလွန်သွား
သည်လား ကိုယ့်ကိုယ်လုံးနှင့်ပဲ မကိုက်လို့လား
ရင်နှစ်မွှာက လျှံထွက်လုနီးပါး အခြေအနေမျိုး
ကိုအပေါ်မှဇာပါးပါးလေးကမမြင်သလိုမြင်သလို
ဖုံးကွယ်ထားသည့်ဝတ်စုံနှင့်ပွဲတက်ကြလေသော
အခါ...။

မြန်မာမိန်းကလေးဆိုတာ၊ မြန်မာမိန်း
ကလေးတို့၏ကျက်သရေဆိုတာ၊ တခြားနိုင်ငံမှာ၊
တခြားလူမျိုးများအလယ်မှာ မည်သို့မည်ပုံဖြစ်
သွားသည်ဆိုသည်ကို ကိုယ့်ဘာသာကိုယ်ဆက်
လက်ပြီး တွေးကြည့်ကြစေလိုပါသည်။ အခြား
တပါးသော နိုင်ငံခြားသူ အမျိုးသမီးလေး
များက မြန်မာ့ရင်ဖုံးနှင့် အချိတ်ထမီလေးများကို
နှစ်သက်မြတ်နိုးစွာ ဝတ်ဆင်နေကြချိန်မျိုးမှာ
ကျွန်မတို့မြန်မာအမျိုးကောင်းသမီးလေးများတို့
က အတုယူစံထားဖွယ်ဖြစ်အောင် မိမိတို့၏ရိုးရာ
ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုလေးများကို
မပျောက်ပျက်အောင် ထိန်းသိမ်းသင့်ကြရမည့်
အပြင်၊ မည်သို့သော ပွဲမျိုးတွင်မည်သို့မည်ပုံ
ကျက်သရေရှိစွာ ဝတ်စားဆင်ယင်သင့်ကြောင်း
များကိုပါ သတိပြုဆင်ခြင်သင့်သည်ဟု ကျွန်မ
ပြောကြားလိုပါသည်။ သည်တော့ ရှေးလူကြီး
များ၏အဆုံးအမများကို ကျွန်မသိသလောက်





ကလေး ပြန်လည်ဝေမျှပေးလိုပါသည်။ ကျွန်မ ငယ်စဉ် အပျိုဖော်ဝင်စအရွယ်လေး တုန်းက လက်ပြတ်အင်္ကျီလေးများကို အရမ်းသဘောကျပါသည်။

အေးအေးလူလူရှိသည့်အပြင်မှာမှ ဆင်စွယ်ရောင်လက်မောင်းလုလုလေးကိုလည်း ဖော်ပြီးဝတ်လို့ရသောကြောင့် သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းပြီးလျှင် အင်္ကျီလက်ပြတ်ကလေးဝတ်ပြီဆိုလျှင် အဖွားက အမြဲပြောပါသည်။ သမီး လက်ပြတ်အင်္ကျီဆိုတာ အိမ်နေရင်းပဲဝတ်ရတာနော်။ အပြင်သွားမယ်ဆိုရင် မိန်းကလေးငယ်ငယ်လေးဆိုတာ အပေါ်ကနေ လက်ရှည်အင်္ကျီလေးတစ်ထပ်ထပ်ဝတ် ပြီးမှသွားရမယ်။ နောက်တစ်ခုက လက်ပြတ်အင်္ကျီဆိုတာ ရုံးကန္နားတွေသွားတဲ့အခါမျိုးနှင့် ပွဲတက်တဲ့အခါမျိုးမှာ မဝတ်ရဘူး။ အဲဒီလိုအခါမျိုးမှာ အနဲဆုံး တံတောင်ဆစ်အောက်အထိလက်အရှည်ရှိအောင်ချုပ်ပြီးမှ ဝတ်ရတယ်။ သေချာမှတ်ထားနော်ဟု ပြောခဲ့ဖူးပါသည်။ ထို့ကြောင့် ကျွန်မယနေ့ ယခုအချိန်အထိခေါင်းထဲမှာသံမှိုနက်သလိုစွဲနေခဲ့သည့် ထိုစကားကို ဘယ်တော့မှမမေ့ခဲ့ပါ။ နောက်တစ်ကြိမ်ထပ်ကြုံရပါသေးသည်။

ဟိုအရင်ကရော ယခုအချိန်မှာပါ ကျွန်မ၏ မြန်မာဝတ်စုံများကို အမြဲချုပ်ပေးနေခဲ့သော အန်တီများမှာ အသက် ၄၀၊ ၅၀ တန်းဝင်နေပြီဖြစ်သည့် အန်တီကြီးများပဲဖြစ်ပြီး သူတို့ဆီမှာ ပိတ်စအပ်လိုက်ပြီဆိုသည်နှင့် မေးပါတော့သည်။ သမီးဘယ်နေရာမှာဝတ်မှာလဲ။ ကျောင်းတက်ရင်းနှင့်ဝတ်ဖို့။ အလုပ်ထဲမှာဝတ်ဖို့၊ ပွဲတက်ဖို့၊ နိုင်ငံခြားသွားရင်ဝတ်ဖို့ အရင်ပြောပြီးမှ ဒီဇိုင်းကိုစဉ်းစားပေးခြင်းဖြစ်ပါသည်။ ကျောင်းတက်သည့်အခါဝတ်မည်ဆိုလျှင် အတိုဆုံး လက်မောင်းတစ်ဝက်လောက်အထိ ဒီဇိုင်းကိုစဉ်းစားပေးပါသည်။

ဖျင်စလေးများပိုနေလျှင်တော့ အိမ်နေရင်း



CamScanner

နှင့်ဟိုနားဒီနား ထသွားထလာလေးဝတ်ဖို့ဆိုပြီး လက်ပြတ်အင်္ကျီလေးများကို ချုပ်ပေးပါသည်။ အလုပ်ထဲမှာဝတ်ဖို့ဆိုလျှင်တော့ အတိုဆုံးတဲ့တောင်ဆစ်အောက်အထိလက်အရှည်ကို ချုပ်ပေးပါသည်။ ပွဲတက်ဖို့ဆိုလျှင်တော့ နယ်အခေါ် သေနတ်ပြောင်းလက်ရှည် လက်ကောက်ဝတ်အဆစ်မြုပ်လောက်အောင် လက်ရှည်အင်္ကျီကို ချုပ်ပေးပါသည်။

ရင်ဖုံးအင်္ကျီဟုဆိုရာဝယ် တက္ကသိုလ်ရင်ဖုံး၊ ရိုးရိုးရင်ဖုံး၊ စတစ်ကော်လာနှင့်ရင်ဖုံး စသည်ဖြင့် အမျိုးမျိုးရှိကြသည့်အထဲမှာမှ လည်တိုင်ရှည်သည့်သူဆိုလျှင် လည်ထောင်၊ လည်ကတုံး ရင်ဖုံးလက်ရှည်၊ လည်တိုင်တိုသည့်သူဆိုလျှင် လည်ပိုင်းအတိ ရင်ဖုံးဒီဇိုင်းလေးနှင့် ပိုပြီးသင့်တော်သည်၊ အပါးစလေးများကို ချုပ်ဝတ်မည်ဆိုပါလျှင်လည်း အမြင်မရိုင်းရလေအောင်လှလှပပနှင့် လုံလုံခြုံခြုံလေးချုပ်ဝတ်၍ရသည့် ဒီဇိုင်းမျိုးကို ရွေးချယ်ပြီး ချုပ်မည်ဆိုပါလျှင် ကြည့်၍တင့်တယ်ပါသည်၊ လိုအပ်လျှင်တော့ ပုဝါလေးခြုံပေါ့။ ပွဲတက်ပြီဆိုလျှင်ဖြင့် ရွှေရောင်၊ ရွှေအိုရောင်၊ အဝါရောင်၊ သစ္စားရောင်၊ နုံ့သာရောင်၊ ရွှေဖလားရောင် ပန်းရောင်အနုအရင့်၊ အပြာအနုအရင့် စသည့်အရောင်တို့ကို အဓိကထားပြီး စဉ်းစားပြီး ချုပ်ပေးပါသည်။

ဒီဇိုင်းအနေနှင့်ကတော့ ရိုးရိုးရှင်းရှင်းလေးနှင့်လှနေသည့် ထိုအင်္ကျီလေးများ အပေါ်မှာ စီးကွင့်လိုမျိုး ၊ ကျောက်လိုမျိုး စက်ကြီးပန်းလိုမျိုး ကပ်ပန်းလိုမျိုး ထိုးလိုက်လို့ကတော့ ယဉ်ယဉ်လေးနှင့်ကျက်သရေရှိပြီး အထက်တန်းကျကျ လှပသည့် စတိုင်လေးများဖြစ်လို့ သွားပါတော့သည်။ သည်လို ဝတ်စုံမျိုးလေးနှင့်ပွဲတက်လိုက်ပြီဆိုပါလျှင် မြင်ရသည့်သူအဖို့ ဘယ်လိုကြည့်ကြည့် ကျက်သရေရှိနေသည့်အပြင် ကိုယ့်အဖို့မှာလည်း စိတ်ထဲမှာ လုံခြုံနေသည့်အပြင် ကိုယ်ဟန် အမူအယာကအစ ပိုမိုသိမ်မွေ့ယဉ်ကျေးလာပြီး အင်မတန်မှကို နေရထိုင်ရတာသက်တောင့်သက်သာရှိသည်ဟု ခံစားရပါသည်။ ဥပမာအနေဖြင့်လေးစားစွာ တင်ပြအပ်ပါသည်။ တကယ့် မြန်မာဝတ်စုံ၏ပုံရိပ်အမှန်ကို အမေစု (ဒေါ်အောင်ဆန်းစုကြည်) ကိုကြည့်ခြင်းအားဖြင့် စံနမူနာယူကြရပါမည်။

အမေစု၏ မြန်မာဝတ်စုံဖက်ရှင်သည် ကမ္ဘာ့နံပါတ် အဆင့်ငါးဖြစ်ပါသည်။ မည်မျှဂုဏ်ယူဖို့ကောင်းလိုက်ပါသနည်း။ ထို့ကြောင့်စဉ်းစားကြည့်ကြစေလိုပါသည်။ ယခုအချိန်အခါမှာ မြန်မာအမျိုးသမီးများအနေဖြင့် ပွဲတက်ရသော အခမ်း



CamScanner




အနားများ အမျိုးအမျိုးအဖုံဖုံနှင့်ကြုံကြရသည့် အပြင်၊ နိုင်ငံခြားတိုင်းပြည်များသို့ သွားလာနေထိုင်ခြင်း ကူးလူးဆက်ဆံရခြင်းတည်းဟူသော အခွင့်အလမ်းများ လုပ်ငန်းကိုင်ငန်းများသည် ရှေးယခင်ကထက် ပိုမိုများသည်ထက် များလာနေပါသောကြောင့် ထိုကဲ့သို့သောသူများ အနေ



ဖြင့် မြန်မာဝတ်စုံကို ချုပ်လုပ်ဝတ်ဆင်တော့မည် ဆိုပါက အရိုးဆုံးအရှင်းဆုံးနှင့်အလုံခြုံဆုံးဒီဇိုင်း အသွင်အပြင်ကိုစဉ်းစားဆင်ခြင်၍ဝတ်စားဆင်ယင်သင့်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဝတ်စုံဟုဆိုရာဝယ် ချုပ်လုပ်သည့်ဒီဇိုင်း အသွင်အပြင်ထက်ကျက်သရေရှိခြင်းဆိုသည်က အဓိက အလုတရားဟု ကျွန်မခံစားနားလည်မိသောကြောင့်ဖြစ်ပါသည်။ သည်တော့ မြန်မာဝတ်စုံများအကြောင်းပြီးပြန်တော့ ဂျပန်လူမျိုးတို့၏ဝတ်စားဆင်ယင်ပုံအကြောင်း တစေ့တစောင်း ပြောလိုပါသည်။ ဂျပန်လူမျိုးများသည် ဝတ်စားဆင်ယင်မှုအပေါ်တွင် စည်းကမ်း ကျနစွာဖြင့် အမျိုးမျိုးသောသတ်မှတ်ချက်များကိုထားရှိကြပါသည်။ သူ့နေရာနှင့်သူ ဘယ်လိုနေရာမှာဘယ်လို အဝတ်အစားမျိုးကိုဝတ်ရမည်ဟုပြဌာန်းချက်များ နှင့်အတူ အဘယ်ကြောင့်ဆိုသည့် အကြောင်းပြချက်များကလည်း အင်မတန်မှ စိတ်ဝင်စားဖွယ်ကောင်းလွန်းလှပါသည်။

ထိုအထဲကမှ အနည်းငယ်ကိုဖော်ပြပေးပါမည်။ ဂျပန်အခေါ် Salary man များဖြစ်သည့် ကုမ္ပဏီဝန်ထမ်းများသည့် အများအားဖြင့်အနက်ရောင်ကုတ် အင်္ကျီ၊ ဘောင်းဘီ၊ နက်ခတိုင်စသည်တို့ကို ဝတ်စုံပြည့် သပ်ယပ်သန့်ရှင်းစွာ ဝတ်ဆင်ကြပြီး ချမ်းအေးသည့်ရာသီများတွင် လောင်းကုတ်အရှည် စသည်တို့ကို စမတ်ကျစွာ ဝတ်ဆင်ကြပါသည်။ ထို့ကြောင့် ဘူတာရုံစသည့် လူအများသွားလာနေကြသည့် နေရာမျိုးကိုကြည့်လိုက်ပါက အနက်ရောင်ဝတ်စုံများနှင့် လှုပ်ရှားသွားလာနေကြသည့် ပုံရိပ်များကိုသာ အများဆုံး တွေ့မြင်ကြရမည်ဖြစ်ပါသည်။ မီးခိုးရောင် ကုတ်ဝတ်စုံဝတ်ဆင်ကြသူများရှိကြသော်လည်း အရေအတွက်က အနက်ရောင်လောက် မများကြပါ။ အနက်ရောင်လက်ဆွဲအိတ်ကိုအများဆုံးအသုံးပြုကြပြီး လမ်းလျှောက်သွားသည့်အခါ ကိုယ်ဟန်ကို မတ်မတ်ထား၍ သွက်လက်ဖျတ်လတ်သော အနေအထားမျိုးကို ပေါ်လွင်စေပြီး မိမိကိုယ်ကို ယုံကြည်မှုရှိသည့် အသွင်ကို ဆောင်ကြပါသည်။

ကိုယ်ဟန် အနေအထားမှာလည်း အမှတ်တမဲ့ပဲနေနေ ဘယ်လိုနေနေဘောင်းဘီအိတ်ထဲ လက်နှိုက်၍ စမတ်ကျကျ ရပ်၍သော်လည်းကောင်း ခြေနှစ်ချောင်းကို ခရော့ဇင်းဖြတ်၍ စာအုပ်ဖတ်နေ၍သော်လည်းကောင်း ဖုန်းကိုကြည့်နေ၍သော်လည်းကောင်း သက်တောင့်သက်သာကိုယ်ဟန်အနေအထားမျိုးဖြင့် အမြဲကြည့်ကောင်းအောင်နေတတ်ကြပါသည်။ တစ်ခုခုကိုမှီ၍ရပ်နေခြင်းမျိုး ကိုယ်ဟန် လျော့တိလျော့လဲနှင့် ပျင်းရိပျင်းတွဲပုံမျိုး မဖြစ်ရလေအောင်ဂရုပြုပြီး နေထိုင်ကြပါသည်။ မိုးရွာ၍ ထီးဆောင်းလျှင်လည်း ထီးကို ခပ်မတ်မတ်အနေအထားမျိုးနှင့် လက်ကို ဖြောင့်ဖြောင့်ထားပြီး ကိုင်သည့်အနေအထားမျိုးနှင့် လမ်းလျှောက်ကြပါသည်။ မြန်မာနိုင်ငံကို စရောက်ခါစ ဂျပန်လူမျိုးတစ်ဦးက ကုမ္ပဏီသို့ဝန်ထမ်းများက မိမိနှစ်သက်ရာဝတ်စုံဝတ်ပြီး ရုံးတက်ကြသည်ကိုမြင်ရသောအခါ အံ့သြတကြီးဖြစ်ရသည့်အပေါ်မှာမှ ဆံပင်အရောင်ကြောင်ကြောင်ကျားကျားဆိုးထားကြထားကြသူများကိုပါ အလုပ်ခွင်ထဲမှာမြင်လိုက်ရသောအခါ အံ့သြဘနန်းဖြစ်သွားရသည်ဟု ကျွန်မကိုပြောဖူးပါသည်။ ဂျပန်မှာဆိုရင်သည်လို လုပ်လို့မရဘူး။

ကုမ္ပဏီဝန်ထမ်းဆိုတာ သေသေချာချာ သပ်သပ်ယပ်ယပ်ဝတ်ကြရတယ်။ ဆံပင်ဆေးဆိုးချင်ရင် အလုပ်ပိတ်ရက်တွေမှာ ကြိုက်သလောက်ဆိုးပြီး ရုံးပြန်တက်တဲ့နေ့မှာတော့ နဂိုအရောင်အတိုင်းပြန်မထားလို့ မရဘူးဟု ပြောပါသည်၊ ခြွင်းချက်အနည်းငယ်ရှိသည်မှအပ ဂျပန်ကုမ္ပဏီအတော်များများကတော့ သည်အတိုင်း လက်ခံကျင့်သုံးကြသည် ဟုပြောပါသည်။ နောက်တစ်ခုက ဂျပန်မိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ကျွန်မလေ့လာမိသလောက်ပြောရမည်ဆိုပါလျှင် အချို့မှာ ခေတ်မဆန်ဘူးမဟုတ်ဘူး ခေတ်ဆန်ကြပါသည်။ သို့သော် ခေတ်ဆန်ခြင်းနှင့် Sexy ဆန်ခြင်းကိုခွဲခြားပြီးဝတ်စားဆင်ယင်ကြပါသည်။ ဒါသည်လည်းဝတ်စားဆင်ယင်မှုတွင်အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ နောက်တစ်ခုက ပွဲတက်ကြသည့်အခါ အရမ်းကြီး ပြောင်ရောင်လွန်းသည့် သိပ်ကိုထင်ပေါ်လွန်းနေသည့် ဝတ်စားဆင်ယင်မှုမျိုးနှင့် မသွားမိဖို့သတိပြုရပါသည်။ ရိုးရိုးရှင်းရှင်းဝတ်စားဆင်ယင်ပြီးအရောင်ကအစ အေးအေးဖျော့ဖျော့အရောင်လေးများကိုရွေးချယ်ကြပါသည်။


အထူးသဖြင့် ပွဲကျင်းပသည့် အိမ်ရှင်များအနေဖြင့်ပိုမိုသတိထားရပါသည်။ ပွဲတက်လာကြသည့်သူများထက်ပိုပြီး ထူးခြားတောက်ပနေအောင်မဝတ်ကြရပါ။ ထိုအယူအဆနှင့်ပတ်သက်၍ပြောရမည်ဆိုပါလျှင် မကြာမီကကျင်းပပြီးစီးသွားခဲ့သော ကျောင်းဆင်းပွဲအခမ်းအနားတွင် ကျွန်မက စီနီယာများကို ကျေးဇူးတင်စကား



CamScanner

ပြောပေးရမည်ဟု ဆိုလာပါသည်။ သည်တော့ ကျွန်မက မြန်မာဝတ်စုံဝတ်ရမည်လားဟုမေးသောအခါ၊ ဖြစ်နိုင်လျှင် Formal ကျကျကုတ်အင်္ကျီမျိုးကိုသာ ဝတ်စေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်က Sotsugyousei (ကျောင်းဆင်းပွဲသို့တက်ရောက်ကြမည့် ကျောင်းပြီးသွားသည့်ကျောင်းသား)မဟုတ်သောကြောင့် ဖြစ်ပါသည်ဟုဆိုပါသည်။ ထို့ကြောင့် ထိုသူများက တောက်ပသောဝတ်စားဆင်ယင်မှုမျိုးကိုနှင့်ပွဲတက်လာကြချိန်မှာ ကိုယ်က (Zaikousei) အနီးစပ်ဆုံးဘာသာပြန်ရလျှင် ဌာနေကျောင်းသား (လက်ရှိကျောင်းမှာ ရှိနေသည့်ကျောင်းသား) ဖြစ်နေသောကြောင့် သိပ်ပြီးတောက်တောက်ပပ မဟုတ်ပဲ ရိုးရှင်းသည့်အသွင်အပြင်မျိုးနှင့်သာပွဲတက်သင့်ပါကြောင်းပြောပါသည်။

ထို့ကြောင့်ကျွန်မကုတ်စတိုင်နှင့်ပွဲတက်လာ



သောအခါ အစ်မဒီတစ်ခါ ဘာလို့ မြန်မာအင်္ကျီမဝတ်တော့တာလဲဟု မေးကြသူများအတွက် ထိုကဲ့သို့ပြန်ဖြေပေးခဲ့ရပါသည်။ နောက်တစ်ခုက မှတ်မှတ်ရရ ကျွန်မ သတိရနေပါသေးသည်။ အလုပ်လျှောက်လွှာဖောင်တင်သည့်အခါ အသုံးပြုရန်အတွက် ကျွန်မ ပတ်စ်ပို့ပုံလေး ရိုက်လာပြီးဖောင်မှာကတ်နေသည့်အချိန်မှာပဲကျွန်မအသိဂျပန်တစ်ယောက်က ပတ်စ်ပို့ပုံလေးကိုမြင်ပြီးအားမနာတမ်းပြောပါသည်။ အိစံပုံကို သေချာကြည့်ပါဦး ရှက်ဖို့မကောင်းဘူးလားဟု မေးပါသည်။ ဒါတင်မက မသုံးသင့်ကြောင်းကိုလည်းပြောသွားပါသည်။

ထို့ကြောင့်ပတ်စ်ပို့ပုံရိုက်သည့်အခါမှာလည်းတတ်နိုင်သမျှ စမတ်ကျကျကုတ်အင်္ကျီနှင့်မရိုက်ဖြစ်လျှင်တောင်မှ မြန်မာဝတ်စုံဆိုလျှင်လည်းလည်ပင်းဟိုက်ခြင်း၊ အရောင်တွေ ရှုပ်ရှုပ်ထွေးထွေးနှင့်အင်္ကျီမျိုးကို ရှောင်ကြဉ်ပြီး ရိုးရိုးရှင်းရှင်းလေးနှင့် သပ်သပ်ယပ်ယပ်လေးဖြစ်အောင်ရိုက်ကူးသင့်ပါသည်။ အဲသည်တုန်းက ဘာရယ်မဟုတ် လမ်းကြုံလို့ ဝင်ရိုက်လာသည့်ပုံလေးဖြစ်ပြီး အင်္ကျီမှာအဲဒီအချိန်တုံးက ခေတ်စားသည့်ရင်ခံလေးနှင့် နစ်ထပ်စတိုင်ဖြစ်ပါသည်။ ကိုယ့်အထင် လည်ပင်းအရမ်းကြီး မဟိုက်သော်လည်းသည်ပုံကိုပင် ရှက်စရာကောင်းပါသည်ဟု အပြောခံရလေသောအခါ သည့်ထက်ပိုပြီး ဟိုက်ကြခွဲကြ၊ ဖေါ်ကြသည့် ကျွန်မတို့၏ ဝတ်စုံများအပေါ်မှာ ဂျပန်လူမျိုးတို့ဘယ်လိုထင်မြင်ချက်မျိုးပေးကြမည်ဆိုသည်ကို စဉ်းစားကြည့်သင့်ပါသည်။ ထိုပုံလေးကိုလည်း ဥပမာအနေဖြင့်ကျွန်မဖော်ပြပေးလိုက်ရပါသည်။ သည်တော့အချုပ်အားဖြင့်ပြောရမည်ဆိုပါလျှင်ဂျပန်နိုင်ငံကိုလာကြဖို့ပြင်ဆင်နေကြသည့် မြန်မာအမျိုးသမီးလေးများအနေဖြင့်အဝတ်အစားနှင့်ပတ်သက်၍ အဓိကပြင်ဆင်ရမည့်အပိုင်းမှာ ရိုးရိုးရှင်းရှင်း လုံလုံခြုံခြုံလေးနှင့် ကျက်သရေရှိရှိတင့်တင့်တယ်တယ်

CamScanner

## ထို့ကြောင့် အခါအခွင့် ကြုံကြိုက်တိုင်းမှာ မိမိတိုင်းပြည်နှင့်လူမျိုး၏ ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို တင့်တယ်စွာ ထုတ်ဖော်ပြသခြင်းဖြင့် အမျိုးဂုဏ်ဆောင်နိုင်ကြသူများ ...

ဝတ်ဆင်လို့ရနိုင်မည့် မြန်မာဝတ်စုံ အနည်းဆုံး သုံးစုံခန့်လောက်ကို အပါသယ်လာကြဖို့နှင့် လုံချည်ကိုချုပ်သည့်အခါမျိုးမှာလည်း ထူထူထဲထဲနှင့် ဝတ်လိုက်သည့်အခါမျိုးမှာ ချပ်ချပ်ယပ်ယပ်နှင့် ဝတ်ဆင်နိုင်အောင် ပတ်ထမီလိုမျိုး၊ သုံးလွှာစကတ်လိုမျိုးကို ပုံစံကျကျချုပ်ပြီး ယူလာသင့်ပါကြောင်း အကြံပြုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသူတစ်ယောက် ဖြစ်လာပြီဆိုပါလျှင် ကျောင်းတွင်အမျိုးမျိုးသော ပွဲလမ်းအခမ်းအနားများကို ကျင်းပကြသည့်အခါ ဆိုင်ရာဆိုင်ရာနိုင်ငံခြားသားများက ကိုယ်စီကိုယ်င မိမိတို့၏ ရိုးရာဝတ်စုံများကို ဝတ်ဆင်ကြသည့် အခါမျိုးမှာ ကိုယ်ကလည်း ကိုယ့်ရိုးရာဝတ်စုံလေးနှင့် ဂုဏ်တင့်တယ်စွာ ပါဝင်ဆင်နွှဲနိုင်မည်ဆိုပါက အကောင်းဆုံး ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဒါတင်မက ကိုယ့်နိုင်ငံ၏ အကအလှယဉ်ကျေးမှုလေးများနှင့်ပါ သီဆို ဖျော်ဖြေ တင်ဆက်နိုင်မည်ဆိုပါက အင်မတန်မှကြည်နူးဖွယ်ကောင်းလှပါသည်။ သည်တစ်ကြိမ်ကျောင်းဆင်းပွဲတွင် မြန်မာဝတ်စုံလေးနှင့် ကပြဖျော်ဖြေသွားခဲ့သော သင်္ကြန်အကအလှကို အများကြိုက်နစ်သက်ကြသည့်အပြင် မြန်မာသင်္ကြန်သီချင်း မြန်နွှာသည်လည်း နိုင်ငံခြားသားကျောင်းသားများ၏ အာရုံကို ဖမ်းစားနိုင်ခဲ့ပါသည်။ ထို့ကြောင့်အခါအခွင့် ကြုံကြိုက်တိုင်းမှာမိမိတိုင်းပြည်နှင့်လူမျိုး၏ယဉ်ကျေးမှုနှင့် ဂုဏ်သိက္ခာကို တင့်တယ်စွာထုတ်ဖော်ပြသခြင်းဖြင့်အမျိုးဂုဏ်ဆောင်နိုင်ကြသူများဖြစ်ကြပါစေကြောင်း ဆန္ဒပြုလျှက်...။

